NETWORK FOR HUMAN RIGHTS DOCUMENTATION - BURMA
PO Box 67, CMU Post Office, Chiang Mai 50202, Thailand, Mobile: +66 (0) 819 615 992, Tel/Fax: +66 (0) 53 408 149
office@nd-burma.org, www.nd-burma.org

## ၂၀၁၇ခုနှစ် ဇူလိုင်လ ၁၇ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ တရားမျှတမှုနေ့ ထုတ်ပြန်ချက်

ယနေ့ကျရောက်သည့် နိုင်ငံတကာ တရားမျှတမှုနေ့တွင် မြန်မာပြည်ရှိ လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် စတင်ပြောဆို ဆောင်ရွက်ရန် မြန်မာအစိုးရအား လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်-မြန်မာနိုင်ငံ (ND-Burma) မှ တောင်းဆိုလိုက်သည်။

ND-Burma ၏ အဖွဲ့ဝင်အဖွဲ့အစည်းများမှ နိုင်ငံတဝှန်း ၁၃ နှစ်ကြာ လူ့အခွင့်အရေးမှတ်တမ်းတင်မှုများ ပြုလုပ်နေသည်။ မိမိတို့၏ ဒေတာဘေ့စ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုပေါင်း ၈၀၀၀ ကျော်ကို ထည့်သွင်း မှတ်တမ်းတင်ထားနိုင်သော်လည်း လူ့အခွင့်အရေးချိုးဖောက်ခံရသူများအနေဖြင့် တရားမ ျှတမှုကို မည်သည့်အခါကမျှ ရရှိခြင်း(သို့မဟုတ်) ၎င်းတို့အပေါ် ချိုးဖောက်မှုများကြောင့် ခံစားရသည့် ဒုက္ခအဝဝကို အသိအမှတ်ပြု စာနာနားလည် လက်ခံမှုပင် မရှိသည်ကို တွေ့ရသည်။

၂၀၁၅ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အစိုးရအား ရွေးကောက်တင်မြှောက်ခံရချိန်တွင် မိမိတို့အနေဖြင့် လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်း လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် မလိုအပ်တော့ဟု ထင်မြင်ခဲ့ကြသည်။ ကံဆိုးစွာပင် မိမိတို့၏ မှတ်တမ်းများအရ NLD ဦးဆောင်သည့် အစိုးရလက်ထက်မှာပင် ချိုးဖောက်မှုများ မြင့်တက်လာသည်ကို တွေ့ရသည်။

အပြစ်မဲ့ ပြည်သူများအနေဖြင့် သတ်ဖြတ်ခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် အတင်းအဓမ္မပြုကျင့်ခံရခြင်းများ ဆက်လက်ဖြစ်ပေါ်နေသည့်အတွက် ယခုအချိန်သည် တရားဥပဒေစိုးမိုးရေးအတွက် စတင်ဆောင်ရွက်ရမည့် အချိန်ဖြစ်သည်ဟု မိမိတို့မှ ယုံကြည်သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အပြစ်ပေးအရေးယူမှုများ မရှိသရွေ့ ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင်  ဒေါ်အောင်ဆန်းစုကြည်က တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီ အမြစ်တွယ်ရေးအတွက် လူ့အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ရန် ယခုလို ပြောကြားခဲ့သည်။
"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ယုံကြည်သည်မှာ လူ့အခွင့်အရေးကို တရားဥပဒေစိုးမိုးမှုဖြင့် ကာကွယ်ရမှာဖြစ်ပြီး လူ့အခွင့်အရေးကို လျစ်လျူရှုခြင်း (သို့) မသိကျိုးကျွန်ပြုခြင်း (သို့) ဥပဒေစိုးမိုးရေးကို ဘေးဖယ်ထားခြင်းမျိုး ဘယ်တော့မှ မဖြစ်စေရ"

အစိုးရအနေဖြင့် ယခင်က ပြောဆိုခဲ့သည့် လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် ဥပဒေစိုးမိုးရေး ဆက်စပ်မှုများကို ပြန်လည်ဆင်ခြင်ပြီး နိုင်ငံတွင်းဖြစ်ပေါ်နေသည့် စိုးရိမ်ဖွယ်ရာ မတရားပြုကျင့်မှုများကို လျစ်လျူရှုမထားရန် ND-Burma မှ တောင်းဆိုပါသည်။

အပြည်ပြည်ဆိုင်ရာ တရားမျှတမှုနေ့ကို ဇူလိုင် ၁၇ ရက်နေ့တွင် တရားမျှတမှုအတွက် အားပေးကူညီရန် ဆန္ဒရှိသူများ၊ နစ်နာခဲ့ရသူများ၏ အခွင့်အရေးကို မြှင့်တင်ပေးရန်နှင့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ကမ္ဘာကြီး သာယာဝပြောရေးအတွက် ခြိမ်းခြောက်နေသည့် ရာဇဝတ်မှုများကို တားဆီးရန် ကူညီသူများမှ စုစည်းကျင်းပကြသည်။

ND-Burma ၏ အဖွဲ့ဝင် ၁၃ ဖွဲ့သည် တိုင်းရင်းသားများ၊ အမျိုးသမီးများနှင့် လိင်စိတ်ကွဲပြားသူများအား ကိုယ်စားပြုသည်။ နစ်နာခဲ့သူများ၏ တရားမျှတမှု ရရှိရေးအတွက် လူ့အခွင့်အရေးချိုးဖောက်မှုများကို ၂၀၀၄ ခုနှစ်မှစပြီး မှတ်တမ်းတင်နေသည့် အဖွဲ့အစည်းဖြစ်သည်။

အဖွဲ့ဝင်အဖွဲ့အစည်းများ

၁။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (Assistance Association for Political Prisoners – Burma)
၂။ ကချင်လူမှုဖွံ့ဖြိုးရေးကွန်ရက် (Kachin Development Networking Group)
၃။ မွန်ပြည်လူ့အခွင့်အရေးအဖွဲ့ (Human Rights Foundation of Monland)
၄။ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) (Kachin Women's Association – Thailand)
၅။ တအာင်းအမျိုးသမီးအဖွဲ့အစည်း (Ta'ang Women's Organization)
၆။ တအာင်းကျောင်းသားနှင့် လူငယ်အဖွဲ့အစည်း (Ta'ang Students and Youth Organization)
၇။ ထားဝယ်အမျိုးသမီးသမဂ္ဂ (Tavoyan Women's Union (TWU))

ဆက်စပ်အဖွဲ့အစည်းများ

၁။ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်ကွန်ဂရက် (All Arakan Students' and Youths' Congress)
၂။ ချင်းလူ့အခွင့်အရေးအဖွဲ့ (Chin Human Rights Organization)
၃။ နိုင်ငံတကာ မြေကမ္ဘာအခွင့်အရေးအဖွဲ့ (EarthRights International)
၄။ ညီမျှခြင်းမြန်မာ (Equality Myanmar)
၅။ လားဟူအမျိုးသမီးအဖွဲ့ (Lahu Women's Organization)
၆။ ပအိုဝ်းလူငယ်အဖွဲ့ (Pao Youth Organization)